## ထရိုင်ကိုဂရားမားလွှတ်ပေးသည့်အစီအစဉ်

(၁) ပြောင်းပင်စည်ထိုးပိုးဥမြုကွင်းထဲတွင် စတွေ့လျှင် ထရိုင်ကိုဂရားမားနဂျီ လွှတ်ခြင်းပြုလုပ်ရမည်။

(၂) ပြောင်းပင်စည်ထိုး ပထမသားဆက်အတွက် ထရိုင်ဂရားမားနဂျီ (၂) ကြိမ်၊ ဒုတိယသားဆက်အတွက် (၁) ကြိမ်၊ စုစုပေါင်း (၃) ကြိမ် လွှတ်ပေးရမည်။ ဥကတ်တစ်ကြိမ်လွှတ်ပြီး (၄-၅) ရက်ခြားပြီးမှ နောက်တစ်ကြိမ် လွှတ်သင့်သည်။





## ဖျက်ဆီးမှုလက္ခဏာ

ပထမသားဆက်၏ လောက်ကောင် ဖျက်ဆီးချိန်တွင် ရွက်လိပ်ချိန်တွင်ဖောက်ထားသော စီတန်းသောအပေါက်ရာများ။ အပင်ကြီးထွားချိန်တွင် ပင်စည်ပေါ်ရှိ ပိုးဖောက်ထားသော အပေါက်ရာနှင့် မစင်များ။ ဒုတိယသားဆက်၏ လောက်ကောင်သည် တစ်ခါတစ်ရံ ပြောင်းဖူးရိုးတံကို ဖျက်ဆီးသောကြောင့် ပြောင်းဖူးသည် ပင်စည်မှ ကျိုးကျသွားသည်။

### အစောပိုင်းဖျက်ဆီးမှုလက္ခဏာ





### နောက်ပိုင်းဖျက်ဆီးမှုလက္ခဏာ





### ပြောင်းနှင့်တွဲဖက်စိုက်သင့်သောသီးနှံပုံစံ







၁။ ဖျက်ပိုး၊ အပင်သက်တမ်း၊ ပတ်ဝန်းကျင်၏ဂေဟဗေဒ ဆက်စပ်မှု
- ရာသီဥတု (နေပူမိုးရွာ၊ ရေရရှိမှု)
- အပင်သက်တမ်း (အရွက်မည်မျှထွက်)
- သွင်းအားစု (မြေသြဇာ၊ ပိုးသတ်ဆေး အခြား)

၂။ ဖျက်ပိုးရောဂါကျရောက်မှု ဖျက်စီးမှုလက္ခဏာများကို အရွက်အလိုက် ပုံဆွဲပါ။
- ဖမ်းဆီးရမိသော ပိုးကောင်များ၊ မိတ်ဆွေပိုးများအားလုံး ပုံဆွဲမှတ်တမ်းတင်ပါ။
- အဖွဲ့လိုက်လေ့လာပါ။

Maize IPM Project

# ပြောင်းသီးနှံဘက်စုံပိုးမွှားကာကွယ်ရေးစီမံကိန်း




## ရည်ရွယ်ချက်

ဘက်စုံနည်းဖြင့် သီးနှံကာကွယ်ရေးကိုအခြေခံ၍ပြောင်း စိုက်တောင်သူများ၏လူနေမှုဘဝ၊ ဝင်ငွေအဆင့်အတန်း တိုးတက်လာစေရန်နှင့် ဈေးကွက်အခွင့်အလမ်းများ ရရှိလာစေပြီး ပြောင်းစိုက်တောင်သူ အဖွဲ့အစည်းများ ဖြစ်ပေါ်လာစေရန်

## ဘက်စုံသီးနှံကာကွယ်ရေး၏အဓိပ္ပာယ်

ဘက်စုံကာကွယ်နှိမ်နင်းနည်းဆိုသည်မှာ ဖျက်ပိုးအရေအတွက်ကို စီးပွားရေးအရ ထိခိုက်ဖျက်စီးစေသောအဆင့်အောက်သို့ လျော့ချရန်အတွက် ဓာတုပိုးသတ်ဆေးတစ်မျိုးတည်းကိုသာ အသုံးပြုခြင်း မဟုတ်ဘဲ သင့်တော်သော နည်းများဖြင့် တွဲဖက်ကျင့်သုံးသော ကာကွယ်နည်းစနစ် တစ်ခုဖြစ်သည်။

Maize IPM Project မြှင့် သီးနှံကာကွယ်ရေးဌာနခွဲမှ ဖြန့်ချိသည်။

## ကာကွယ်နှိမ်နင်းနည်းစနစ်များ

### (၁) စိုက်ပျိုးနည်းစနစ်ဖြင့်ကာကွယ်ခြင်း

- စိုက်ချိန်စော၍စိုက်ပျိုးခြင်း
- ပေါင်းမြက်များ ရှင်းလင်းခြင်း
- ခံနိုင်ရည်ရှိသော မျိုးများကို စိုက်ပျိုးခြင်း
- မြေဩဇာမျှတစွာ အသုံးပြုခြင်း
- ရိုးပြတ်များ၊ အပင်ကြွင်းပင်ကျန်များ မီးရှို့ဖျက်ဆီးခြင်း
- သီးနှံအလှည့်ကျ စိုက်ပျိုးခြင်း

### (၂) ကွင်းဆင်းစစ်ဆေးခြင်း၊ ကာကွယ်ခြင်း

ဖလံအကောင်ကြီးဖမ်းသော ထောင်ချောက်များ (အလင်းရောင်နှင့် ဟိုမုန်း) ကို ပိုးကျရောက်မှုကို သိရှိနိုင်ရန် အသုံးပြုနိုင်သည်။ အရွက်များကို ဥမြုများ ရှိ/မရှိ၊ လောက်ကောင်ဖျက်ဆီးမှု ရှိ/မရှိကို မှန်မှန် စစ်ဆေးသင့်သည်။ အဖူးများ ချိုးပြီး ပြောင်းပင်စည်များနှင့် သီးနှံအကြွင်းအကျန်များကို ဖယ်ရှားပစ်လျှင် ဆောင်းခို နေသော လောက်ကောင်အရေအတွက်ကို လျှော့ချနိုင်သည်။



၇၅% အဖိုနှံများကို ဖယ်ရှားခြင်းဖြင့် လောက်ကောင်များ ရှင်သန်မှုကို လျှော့ချနိုင်သည်။ အဖိုနှံများ ဖယ်ရှားခြင်းသည် ပြောင်းပင်စည်ထိုးပိုး အရေအတွက်ကို သိသိသာသာ လျှော့ချနိုင်သော်လည်း အထွက်နှုန်း တိုးတက်မှုသည် အမြဲတမ်း မဖြစ်နိုင်ပါ။

### (၃) မိတ်ဆွေပိုးအသုံးပြုပြီး ကာကွယ်နှိမ်နင်းခြင်း

မိတ်ဆွေပိုးများမှာ –

(၁) သားရဲကောင်

(၂) ဥကပ်ပါးပိုးများ

(၃) ရောဂါဖြစ်စေသော သက်ရှိများ





လိပ်ခုံးကျိုင်း





ဇာတောင်ပိုး



နဖာချေးပိုး



ရောဂါဖြစ်စေသောသက်ရှိမှို

ပြောင်းပင်စည်ထိုးပိုးကို အရေအတွက် လျှော့ချရာတွင် သားရဲကောင်များ၊ ကပ်ပါးပိုးများနှင့် ရောဂါဖြစ်စေသော သက်ရှိများသည် အလွန်အရေးပါသည်။ နဖာချေးပိုးနှင့် အိုးရီးရပ်စ်ကျပိုးသည် ပြောင်းပင်စည်ထိုးပိုးကို နှိမ်နင်းနိုင်သော သားရဲကောင်များ ဖြစ်သည်။

ရောဂါဖြစ်စေသော သက်ရှိ ဘက်တီးရီးယားတစ်မျိုး ဖြစ်သည့် ဘီတီသည် ဖျက်ပိုးလောက်ကောင်ကို ရောဂါကျရောက်စေခြင်းဖြင့် နှိမ်နင်းနိုင်သည်။ ၎င်းကို လောက်ကောင်ပထမအဆင့် ကျရောက်ချိန် အသုံးပြုသင့်သည်။ ဘူးဗေးရီးယား ကပ်ပါးမှိုသည်လည်း ပင်စည်ထိုးပိုးလောက်ကောင်အဆင့် နှိမ်နင်းရာတွင် ထိရောက်စွာ အသုံးပြုနိုင်သည်။

### ဥကပ်ပါးပိုးများ (ထရိုင်ကိုဂရားမားနဂျီ)

ထရိုင်ကိုဂရားမားသည် အလွန်သေးငယ်သော ဥကပ်ပါးနဂျီဖြစ်ပြီး လိပ်ပြာ/ဖလံများ၏ လက်ခံပိုးဥပေါ်တွင် ဥများကို မိမိ အားထားရသည်။ ဥတစ်ဥ (သို့) တစ်ဥထက်ပို၍ ဥချပြီး နဂျီ၏ သားလောင်းများသည် ဥအနှစ်များကို စားသောက်ဖျက်ဆီးပစ်သည်။ ပြောင်းပင်စည်ထိုးပိုး၏ ဥမြုတွေ့ချိန်တွင် ထရိုင်ကိုဂရားမားနဂျီ အမြောက်အမြား လွှတ်ပေးရန် လိုအပ်သည်။







ကပ်ပါးမပြုမီဥမှို

ကပ်ပါးပြုမီဥမှို